**KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ကချင်ပြည်နယ်၊ ဗန်းမော်မြို့အခြေစိုက် အမှတ်(၂၁)စစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်အား KIA ပူးပေါင်းတပ်က ထိုးစစ်ဆင်လျက်ရှိရာ ကာကင်းအချို့ကို မတ်လ ၁၀ ရက်တွင် သိမ်းပိုက်နိုင်ခဲ့သည်။

**KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- မတ်လ ၈ ရက်တွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ သပြေညွှန့်ရွာရှိ စစ်ကောင်စီတပ်စခန်းကို KNLA ပူးပေါင်းတပ်ဖွဲ့က သိမ်းပိုက်ခဲ့ရာ စစ်ကောင်စီတပ်ဖွဲ့ဝင် ၁၀ ဦးထက်မနည်း သေဆုံးခဲ့ပါသည်။

- ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့အရှေ့ဘက်ရှိ စစ်ကောင်စီရဲ့ ခလရ ၃၁ ပူလူတူစခန်းကို မတ်လ ၁၃ ရက်မှာ KNLA ပူးပေါင်းတပ်ဖွဲ့တွေက သိမ်းပိုက်ရရှိခဲ့ပါသည်။

**မတ်လ ၀၈ ရက်မှ ၁၄ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

စစ်ကောင်စီ အဖွဲ့ဝင် ဦးဘရှေနဲ့ စစ်ကောင်စီရဲ့ ပြည်ထောင်စုဝန်ကြီးတွေဖြစ်တဲ့ ဒေါက်တာ ကံဇော်၊ ဦးကိုကိုလှိုင်၊ ဦးအောင် ကျော်ဟိုး၊ ဗိုလ်ချုပ်ကြီး မိုးအောင်၊ ခွန်သန့်ဇော်ထူး၊ ဒုတိယဝန်ကြီးတွေဖြစ်တဲ့ ဗိုလ်မှူးချုပ်လူမွန်၊ ဦးအောင်ကျော်ထွန်း၊ ဦးအောင်မြင့်၊ ဗိုလ်ချုပ်ကိုလေး၊ ဒေါ်သန်းသန်းလင်း၊ ဦးမင်းထွဋ်၊ ဦးထင်ကျော်သူ စတဲ့ လူပုဂ္ဂိုလ် ၁၃ ဦးနဲ့ ကာကွယ်ရေး ဝန်ကြီးဌာန၊ မြန်မာစစ်တပ်နဲ့ အမှတ် ၃၃ ခြေလျင်တပ်ရင်းတို့ကို ဒဏ်ခတ်ပိတ်ဆို့ အရေးယူကြောင်း ကနေဒါအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာနက မတ်လ ၇ ရက်နေ့မှာ ကြေညာလိုက်ပါတယ်။

တရုတ်နိုင်ငံရဲ့ အာဆီယံရေးရာအထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီကျွင်းဟာ စစ်ကောင်စီ နိုင်ငံခြားရေးဝန်ကြီး ဦးသန်းဆွေ ကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာနမှာ မတ်လ ၁၀ ရက်နေ့က လာရောက်တွေ့ဆုံခဲ့ကြောင်း စစ်ကောင်စီက သတင်းထုတ်ပြန်ပါတယ်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ တိန့်ရှီကျွင်းနှင့် စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ မတ် ၁၁ ရက်က နေပြည်တော်မှာ တွေ့ဆုံပြီး ရွေးကောက်ပွဲကျင်းပဖို့ ပြင်ဆင်နေတဲ့အကြောင်း ဆွေးနွေးခဲ့ကြပါတယ်။

## ဒေသအလိုက် အချက်အလက်

| Data of Myanmar Conflict 08-14, March 2025 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Houses burned down** |
| **AYEYARWADY** | | | | | | | 29 | |
| **BAGO** | 13 | 6 | 51 | 3 | | 6 | 19 | 5 |
| **CHIN** | 2 | 8 | | | | | | |
| **KACHIN** | 3 | 1 | | | | | | |
| **KARENNI** | | 3 | | | | | | |
| **KAYIN** | 14 | | 10 | | | | | |
| **MAGWAY** | | 1 | | | | 1 | 6 | 14 |
| **MANDALAY** | 4 | 5 | 61 | | 4 | 15 | 20 | 7 |
| **MON** | 2 | 1 | 13 | 1 | | 2 | | |
| **RAKHINE** | 2 | 3 | 40 | | | 1 | | |
| **SAGAING** | 4 | 6 | 3 | 11 | | | | 50 |
| **TANINTHARYI** | 9 | 3 | 38 | | | | | |
| **YANGON** | | | | | | | 1 | |
| **TOTAL** | **53** | **37** | **216** | **15** | **4** | **25** | **75** | **76** |

